ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ကျန်းမာရေးဝန်ကြီးဌာန
တိုင်းရင်းဆေးပညာဦးစီးဌာန
တိုင်းရင်းဆေးတက္ကသိုလ်၊ မန္တလေး
မြန်မာ့တိုင်းရင်းဆေးပညာပါရဂူဘွဲ့၊ မြန်မာ့တိုင်းရင်းဆေးပညာမဟာဘွဲ့နှင့် မြန်မာ့တိုင်းရင်းဆေးပညာဘွဲ့(ပေါင်းကူး)သင်တန်းများအတွက် လျှောက်လွှာခေါ်ယူခြင်း

၁။ (၂၀၂၆) ပညာသင်နှစ်အတွက် တိုင်းရင်းဆေးတက္ကသိုလ်၊ မန္တလေး၌ဖွင့်လှစ်မည့် မြန်မာ့တိုင်းရင်းဆေး ပညာပါရဂူဘွဲ့၊ မြန်မာ့တိုင်းရင်းဆေးပညာမဟာဘွဲ့ နှင့် မြန်မာ့တိုင်းရင်းဆေးပညာဘွဲ့ (ပေါင်းကူး)သင်တန်းများ သို့ သတ်မှတ်အရည်အချင်းများနှင့်ပြည့်စုံသူ နိုင်ငံ့ဝန်ထမ်းတိုင်းရင်းဆေးပညာရှင်များ လျှောက်ထားနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

၂။ **သင်တန်းများ**

(က) မြန်မာ့တိုင်းရင်းဆေးပညာပါရဂူဘွဲ့သင်တန်း

စဉ်	သင်တန်းအမည်	သင်တန်းကာလ
(၁)	မြန်မာ့တိုင်းရင်းဆေးပညာပါရဂူဘွဲ့ Ph.D.(M.T.M)	၃ နှစ်

(ခ) မြန်မာ့တိုင်းရင်းဆေးပညာမဟာဘွဲ့သင်တန်း

စဉ်	သင်တန်းအမည်	သင်တန်းကာလ
(၁)	မြန်မာ့တိုင်းရင်းဆေးပညာမဟာဘွဲ့ (M.M.T.M.)	၂ နှစ်

(ဂ) မြန်မာ့တိုင်းရင်းဆေးပညာဘွဲ့ (ပေါင်းကူး)

စဉ်	သင်တန်းအမည်	သင်တန်းကာလ
(၁)	မြန်မာ့တိုင်းရင်းဆေးပညာဘွဲ့(ပေါင်းကူး) (B.M.T.M.)	၂ နှစ်

၃။ **လိုအပ်သောအရည်အချင်းများ**

(က) မြန်မာ့တိုင်းရင်းဆေးပညာပါရဂူဘွဲ့သင်တန်း

(၁) ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံသား ဖြစ်ရမည်။
(၂) မြန်မာ့တိုင်းရင်းဆေးပညာမဟာဘွဲ့ (M.M.T.M.) ရရှိထားသူဖြစ်ရမည်။
(၃) လျှောက်လွှာပိတ်သည့်ရက်တွင် မြန်မာ့တိုင်းရင်းဆေးပညာမဟာဘွဲ့ရရှိပြီးနောက် ခွင့်ရက်မပါ အနည်းဆုံး လုပ်သက် (၂)နှစ်ရှိသူ နိုင်ငံ့ဝန်ထမ်းဖြစ်ရမည်။
(၄) ပြည်ပ၌ မိမိအစီအစဉ်ဖြင့် ဘွဲ့လွန်ရရှိပြီးမှ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ပြီး ပါရဂူဘွဲ့ သင်တန်းဝင်ခွင့်လျှောက်ထားလာပါက လျှောက်လွှာပိတ်သည့်ရက်တွင် လုပ်ငန်းစတင်ဝင်ရောက်သည့်နေ့မှစ၍ ခွင့်ရက်မပါ စုစုပေါင်းလုပ်သက် (၄)နှစ်ရှိရမည်။
(၅) လျှောက်လွှာပိတ်သည့်ရက်တွင် အသက် (၅၂)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။
(၆) ပါရဂူဘွဲ့ရရှိပြီးနောက် အနည်းဆုံး (၅)နှစ် နိုင်ငံ့ဝန်ထမ်းအဖြစ် ဆက်လက်တာဝန် ထမ်းဆောင်နိုင်သူဖြစ်ရမည်။

(ခ) မြန်မာ့တိုင်းရင်းဆေးပညာမဟာဘွဲ့သင်တန်း

(၁) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(၂) မြန်မာ့တိုင်းရင်းဆေးပညာဘွဲ့ (ပုံမှန်) (သို့မဟုတ်) မြန်မာ့တိုင်းရင်းဆေးပညာဘွဲ့ (ပေါင်းကူး)ရရှိထားသူ ဖြစ်ရမည်။
(၃) လျှောက်လွှာပိတ်သည့်ရက်တွင် မြန်မာ့တိုင်းရင်းဆေးပညာဘွဲ့ (ပေါင်းကူး) ရရှိပြီးနောက် ခွင့်ရက်မပါ အနည်းဆုံး လုပ်သက် (၁)နှစ်ရှိသူ (သို့မဟုတ်) မြန်မာ့တိုင်းရင်းဆေးပညာဘွဲ့ (ပုံမှန်)ရရှိပြီးနောက် လုပ်ငန်းစတင်ဝင်ရောက်သည့်နေ့မှစ၍ ခွင့်ရက်မပါ အနည်းဆုံး လုပ်သက် (၁)နှစ်ရှိသူ နိုင်ငံ့ဝန်ထမ်းဖြစ်ရမည်။
(၄) လျှောက်လွှာပိတ်သည့်ရက်တွင် အသက် (၅၀)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။
(၅) မြန်မာ့တိုင်းရင်းဆေးပညာမဟာဘွဲ့ ရရှိပြီးနောက် အနည်းဆုံး (၅) နှစ် နိုင်ငံ့ဝန်ထမ်းအဖြစ် ဆက်လက်တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။
(၆) သတ်မှတ်ထားသောသင်တန်းကာလကို အချိန်ပြည့်တက်ရောက်နိုင်သူဖြစ်ရမည်။

(ဂ) မြန်မာ့တိုင်းရင်းဆေးပညာဘွဲ့ (ပေါင်းကူး) သင်တန်း

(၁) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(၂) မြန်မာ့တိုင်းရင်းဆေးပညာဒီပလိုမာ ရရှိထားသူ ဖြစ်ရမည်။
(၃) လျှောက်လွှာပိတ်သည့်ရက်တွင် လုပ်ငန်းစတင်ဝင်ရောက်သည့်နေ့မှစ၍ ခွင့်ရက်မပါ အနည်းဆုံး လုပ်သက် (၃)နှစ်ရှိသူ နိုင်ငံ့ဝန်ထမ်းဖြစ်ရမည်။
(၄) လျှောက်လွှာပိတ်သည့်ရက်တွင် အသက်(၅၀)နှစ်ထက်မကျော်လွန်သူဖြစ်ရမည်။
(၅) မြန်မာ့တိုင်းရင်းဆေးပညာဘွဲ့ ရရှိပြီးနောက် အနည်းဆုံး (၅)နှစ် နိုင်ငံ့ဝန်ထမ်းအဖြစ်ဆက်လက် တာဝန်ထမ်းဆောင် နိုင်သူဖြစ်ရမည်။
(၆) သတ်မှတ်ထားသောသင်တန်းကာလကို အချိန်ပြည့်တက်ရောက်နိုင်သူဖြစ်ရမည်။

၄။ မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲ(၂)၊ မန္တလေးမြို့ရှိ တိုင်းရင်းဆေးတက္ကသိုလ် ငွေစာရင်းအမှတ်–MD–013136 သို့ မြန်မာ့တိုင်းရင်းဆေးပညာပါရဂူဘွဲ့၊ မြန်မာ့တိုင်းရင်းဆေးပညာမဟာဘွဲ့နှင့် မြန်မာ့တိုင်းရင်းဆေးပညာဘွဲ့ (ပေါင်းကူး) သင်တန်းများအတွက် သင်တန်းဝင်ခွင့် စာမေးပွဲကြေး ကျပ်–၁၀၀၀၀/– (ကျပ်တစ်သောင်းတိတိ)ကို ပေးသွင်းထားသည့် ချလန်မူရင်း (၁)စောင်။

၅။ လျှောက်လွှာကို သက်ဆိုင်ရာဌာန ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးမှ တစ်ဆင့်လျှောက်ထားရမည်ဖြစ်ပြီး နိုင်ငံ့ဝန်ထမ်းဖြစ်ကြောင်း သက်ဆိုင်ရာဌာန ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး၏ ထောက်ခံချက်ပါရှိရမည်။ သတ်မှတ်ချက်အတိုင်း လျှောက်ထားခြင်းမရှိသည့် လျှောက်လွှာများကို လုံးဝ ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၆။ လျှောက်လွှာပိတ်မည့်ရက်မှာ (၂၉–၈–၂၀၂၅)ရက် (သောကြာနေ့) ဖြစ်ပါသည်။

၇။ ဝင်ခွင့်ရေးဖြေစာမေးပွဲစစ်ဆေးမည့်ရက်မှာ

(က)	မြန်မာ့တိုင်းရင်းဆေးပညာ ပါရဂူဘွဲ့သင်တန်း	–	(၁၆–၁၀–၂၀၂၅) ရက်နေ့၊ (ကြာသပတေးနေ့)
(ခ)	မြန်မာ့တိုင်းရင်းဆေးပညာ မဟာဘွဲ့သင်တန်း	–	(၁၇–၁၀–၂၀၂၅)ရက်နေ့၊ (သောကြာနေ့)
(ဂ)	မြန်မာ့တိုင်းရင်းဆေးပညာဘွဲ့ (ပေါင်းကူး) သင်တန်း	–	(၁၇–၁၀–၂၀၂၅) ရက်နေ့ ၊ (သောကြာနေ့)
(ဃ)	သင်တန်းဖွင့်လှစ်မည့်ရက်မှာ	–	(၅–၁–၂၀၂၆) ရက်နေ့ ၊ (တနင်္လာနေ့)ဖြစ်ပါသည်။

ဘွဲ့လွန်ဆေးပညာသင်တန်းဝင်ခွင့်တွင် အင်္ဂလိပ်စာဘာသာရပ်ကို ထည့်သွင်းစစ်ဆေးခြင်း မပြုသော်လည်း သင်တန်းတက်ရောက်နေစဉ် ကာလအတွင်း တစ်နှစ်လျှင်နှစ်ကြိမ်စစ်ဆေးမည့် အင်္ဂလိပ်စာဘာသာရပ် ကျွမ်းကျင်မှုအရည်အချင်းစစ်စာမေးပွဲ (၂)နာရီ မေးခွန်းကို ဖြေဆိုရမည်။ အင်္ဂလိပ်စာဘာသာရပ် အရည်အချင်းစစ်စာမေးပွဲ အောင်မြင်ကြောင်းတင်ပြနိုင်မှသာ ဘွဲ့ရအောင်စာရင်းကို ထုတ်ပေးမည်။

၈။ သင်တန်းကို တက်ရောက်ရန်ရွေးချယ်ခံရပြီးမှ သင်တန်းတက်ရောက်ရန် ပျက်ကွက်လျှင် နောင်ပညာသင်နှစ် (၂)နှစ် ပြည်တွင်း/ပြည်ပ ဘွဲ့လွန်သင်တန်းများသို့ လျှောက်ထားခွင့်မရှိပါ။

၉။ သင်တန်းတက်ရောက်ရန်ရွေးချယ်ခံရပြီး တက်ရောက်ခွင့်ရစာရင်းထုတ်ပြန်ပြီးမှ သင်တန်းကို မတက်ရောက်လျှင်ဖြစ်စေ (မှတ်ပုံတင်ခြင်းပြုသည်ဖြစ်စေ၊ မပြုသည်ဖြစ်စေ)၊ သင်တန်းကို ပြီးဆုံးအောင် မတက်ရောက်လျှင်ဖြစ်စေ၊ သင်တန်းအောင်မြင်ပြီးနောက် သတ်မှတ်ထားသည့် ကာလအတိုင်း နိုင်ငံ့တာဝန်ကို မထမ်းဆောင်လျှင်ဖြစ်စေ သတ်မှတ်ထားသော လျော်ကြေးငွေကျပ်ကို ပေးလျော်ရမည်ဖြစ်သည်။

၁၀။ လျှောက်လွှာခေါ်ယူသည့် ကြေညာချက်အပြည့်အစုံနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက တိုင်းရင်းဆေးတက္ကသိုလ်၊ မန္တလေး၏ ဘွဲ့လွန်စာမေးပွဲဌာန ဖုန်းနံပါတ် (၀၉–၄၄၄၀၃၃၁၀၇၊ ၀၉–၄၄၁၀၄၆၉၂၀)သို့ ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။ (သို့မဟုတ်) တိုင်းရင်းဆေးတက္ကသိုလ်၊ မန္တလေး၏ Website: www.utm.edu.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

တိုင်းရင်းဆေးတက္ကသိုလ်၊ မန္တလေး

ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ (၇)ရပ်ကွက်၊ ဆိပ်ကမ်းသာလမ်း၊ အမှတ် (၂၀၂) ဟုခေါ်တွင်သော မြေကွက်ပေါ်တွင်ဆောက်လုပ်ထားသည့် (၂)ခန်းတွဲ (၄)ထပ်တိုက်၏ (မြေညီထပ်)၊ (တိုက်မျက်နှာမူလျှင်–ယာဘက်ခြမ်း)၊ အကျယ်အဝန်း (၁၂ ½ x၆၀)ပေရှိ တိုက်ခန်း နှင့် ယင်းတိုက်ခန်းပေါ်တွင် တွယ်ကပ်တပ်ဆင်ထားသည့်ပစ္စည်းများနှင့် ကိုယ်ပိုင်မီတာ၊ ကိုယ်ပိုင်ရေမော်တာအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တိုက်ခန်းရောင်းချသူ ဒေါ်အိမွန်သန့် [၁၂/ကတတ(နိုင်) ၀၂၆၀၇၃]မှ လက်ဝယ်ပိုင်ဆိုင်ထားရှိပြီး တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူမည်ဖြစ်သဖြင့် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ တိုက်ခန်းအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ဤတိုက်ခန်းအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ –
ဒေါ်စန္ဒာမွေး LL.B, M.P.A, D.B.L,D.M.L,D.I.L,D.APsy,D.I.R,D.G.I
တရားလွှတ်တော်ရှေ့နေ (စဉ်–၇၁၄၈)
အမှတ် (၁၄၄/၁)၊ နံ့သာဖြူလမ်း၊ (၁၄/၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း – ၀၉–၄၂၀၀၂၂၂၅၀၊ ၀၉–၉၇၀၃၄၈၈၄၄

အများသိစေရန်ကြော်ငြာ

မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၂၈သမိုင်း၊ မြေကွက်အမှတ်–၆/ဃ–၄–၂–ခ၊ ဧရိယာ– ၀.၀၉၆ ဧက၊ မြေကွက်တည်နေရာ– အမှတ်(၁၆)၊ ပါရမီလမ်း၊ အနောက်မေခလမ်း၊ (၆)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ဦးမြင့်သောင်း [၁၂/အစန(နိုင်)၁၀၅၆၆၉] [ဒေါ်စိုးနွယ်နွယ် ၁၂/အစန(နိုင်)၁၀၅၆၇၀]အမည်ပေါက် မြေပိုင်မြေ၊ အိမ်ရာမြေအား အမည်ပေါက်တစ်ဦးဇနီးဖြစ်သူ ဒေါ်စိုးနွယ်နွယ်သည် (၁၅–၇–၂၀၂၄)ရက်နေ့တွင် ဩစတြေးလျနိုင်ငံ၊ ဆစ်ဒနီမြို့၊ Bulli Hospital ၌ ကွယ်လွန်ခဲ့သဖြင့် ကျန်အမည်ပေါက်တစ်ဦးဖြစ်သူ ဦးမြင့်သောင်း[၁၂/အစန(နိုင်)၁၀၅၆၆၉]မှ တစ်ဦးတည်းသော တရားဝင်ခင်ပွန်းဖြစ်ကြောင်း၊ မိမိမှတစ်ပါး အခြားအမွေစား၊ အမွေခံတစ်ဦးတစ်ယောက်မျှကျန်ရှိခဲ့ခြင်းမရှိပါကြောင်း ဒေါ်စိုးနွယ်နွယ် ကွယ်လွန်ချိန်၌ ဒေါ်စိုးနွယ်နွယ် ပိုင်ဆိုင်သော ထက်ဝက်တိတိဝေစုကို တစ်ဦးတည်းသော တရားဝင်ခင်ပွန်းဖြစ်သည့် မိမိမှသာလျှင် ဗုဒ္ဓဘာသာ၊ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့်အညီ တစ်ဦးတည်းအမွေဆက်ခံ ပိုင်ဆိုင်ခဲ့ပါကြောင်း ကျမ်းကျိန်လွှာအမှတ်– ၁၁/၂၃၆၀/၂၀၂၄ (၂၇–၁၁–၂၀၂၄)၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ သေဆုံးမှုလက်မှတ်၊ အမည်ပေါက်စာချုပ်၊ နိုင်ငံသားစိစစ်ရေးကတ်တို့ကို တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ် ချုပ်ဆိုရန် မြေပုံကူး လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက် ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄/မြောက်)၊ လူနေရပ်ကွက်အမှတ် (၄/မြောက်)၊ မြို့မ(၁၁)လမ်း၊ မြေကွက်အမှတ် (၉၀၇/က)၊ စတုတ္ထထပ် (၅)လွှာ၊ အကျယ်အဝန်း (အလျား ၁၈ပေX အနံ ၅၄ပေ)ရှိ တိုက်ခန်းနှင့်ပတ်သက်သည့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဦးကျော်ရဲသူ [၇/မလန(နိုင်)၀၉၆၆၂၇]မှ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသဖြင့် ဒေါ်ဥမ္မာလှိုင် [၁၂/သကတ(နိုင်)၀၉၃၂၉၉]သည် (၂၀–၇–၂၀၂၅) ရက်နေ့တွင် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုသူများ ရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း တိကျခိုင်မာသော စာရွက်စာတမ်း မူရင်း(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့လည်းကောင်း၊ ကျွန်ုပ်၏မိတ်ဆွေထံသို့ လည်းကောင်း ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ
ဒေါ်ဥမ္မာလှိုင်
[၁၂/သကတ(နိုင်) ၀၉၃၂၉၉]

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်ယုဇနခင်
(တရားလွှတ်တော်ရှေ့နေ)၊ စဉ်–၁၈၅၂၉၊
တိုက်(၂)၊ အခန်း(၃၀၂)၊ မြင်တော်သာအိမ်ရာ၊
၂/မြောက်ရပ်ကွက်၊ သာကေတမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း–၀၉ ၂၅၀၉၇၇၇၁၇

ငြင်းချက်ထုတ်ရန်ဆင့်စာ
(တရားမကျင့်ထုံးဥပဒေ အမိန့် ၅၊ နည်းဥပဒေ ၂၀)
အလုံခရိုင် တရားရုံးတော်
၂၀၂၅ – ခုနှစ်၊ တရားမကြီးမှုအမှတ် – ၅၁

ဒေါ်ဇင်ဇင်(ခ) ဒေါ်လှလှဇင် နှင့် ၁။ ဒေါ်အေးမေ
၂။ ဦးအောင်ကျော်

တရားလို **တရားပြိုင်များ**

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ ထီးတန်းစက်မြေရပ်ကွက်၊ ထီးတန်းလမ်းမတန်း၊ အမှတ်(၅၇)နေ (၂) တရားပြိုင် ဦးအောင်ကျော် (ယခုနေရပ်လိပ်စာမသိသူ)သိစေရမည်။

သင့်အပေါ်၌ တရားလိုက သီးခြားသက်သာခွင့် အက်ဥပဒေပုဒ်မ–၄၂ အရ မြွက်ဟကြေညာပေးစေလိုမှုနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ (၄)ရက်။ (၁၃၈၇ ခုနှစ်၊ ဝါခေါင်လဆန်း ၁၁ ရက်)နေ့ မွန်းမတည့်မီ နံနက် (၁၀:၀၀) နာရီအချိန်တွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် (၁) စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ ဇူလိုင်လ (၂၁)ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ဦးဘသောင်း)
ဒုတိယခရိုင်တရားသူကြီး(၁)
အလုံခရိုင်တရားရုံး

ကန့်ကွက်နိုင်ပါသည်။

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၆၁ ကံဘဲ့၊ မြေကွက်အမှတ်-၇/ဃ–၁၊ ဧရိယာ-၀.၀၈၁ဧကအကျယ်အဝန်းရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်၌ ဆောက်လုပ်ထားသော ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၁၀)ရပ်ကွက်၊ အင်းယားရိပ်သာလမ်း၊ အမှတ်-၁၇ A ဟုခေါ်တွင်သည့် နေအိမ်အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို တရားဝင်လက်ရှိ အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်တင်တင်ဝင်း(၁၂/မရက(နိုင်)၀၀၇၀၄၇)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းဘိုးငွေများ အနက်မှ တစိတ်တဒေသကို ပေးချေပြီးဖြစ်ပါသဖြင့် အဆိုပါမြေနှင့်အဆောက်အအုံအပေါ် ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို အရောင်းအဝယ်ကိုကန့်ကွက်လိုပါက ယနေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထား မူရင်းစာရွက်စာတမ်းများနှင့်တကွ ကျွန်ုပ်ထံ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ
သင်းကြူစိုး LL.B., LL.M.
တရားလွှတ်တော်ရှေ့နေ (စဉ်-၆၅၅၆)
ရုံး-အမှတ်-၅၅၊ အခန်း-၅၊ ဒုတိယထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၀၁-၈၃၇၈၇၉၉၊ ၀၉-၅၀၁-၆၃၅၂၊ ၀၉-၅၅၀-၆၅၅၆။

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈)၊ မြေကွက်အမှတ်(၅၁၃/က)၊ မြေအကျယ်အဝန်း (ပေ၂၀xပေ၆၀)ရှိ ဦးပေသီး (ISN–၂၇၇၉၉၂) အမည်ပေါက်ပါမစ်မြေကွက်၊ မြေကွက်လိပ်စာအမှတ်(၅၁၃/က)၊ ယုဇနလမ်း၊ (၈)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်ရှိ အိမ်နှင့်မြေကွက်ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်းကြေညာချက်

အထက်အမည်ပါ အိမ်နှင့်မြေကွက်ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ပါမစ်အမည်ပေါက်ထံမှ အဆက်အစပ်စာချုပ်ဖြင့် ဝယ်ယူထားသူ ဒေါ်လှလှနွယ် [၁၂/ဥကမ (နိုင်) ၀၉၆၆၀၃]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်းမူရင်းများဖြင့် ကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–

ဦးသန်းညွှန့်(LL.B) **ဦးနိုင်ထွဋ်လင်း (LL.B)**
တရားလွှတ်တော်ရှေ့နေ (စဉ်–၅၂၇) **အထက်တန်းရှေ့နေ (စဉ်–၃၅၄၅)**
အမှတ်(၃၆၅)၊ ပထမထပ်၊ မဟာဗန္ဓုလလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း–၀၉–၅၅၀၆၁၅၇၊ ၀၉–၇၈၅၅၀၆၁၅၇

ဖခင်အမည်မှန်

ရန်ကုန်တိုင်း ဒေသကြီး၊ တိုက်ကြီးခရိုင်၊ တိုက်ကြီးမြို့နယ်၊ လိမ္မော်ခြံကျေးရွာအုပ်စု၊ ပိုက်လုံးစုကျေးရွာနေ မအိမ့်မှူးကဗျာ၏ ဖခင် [၉/မတရ (နိုင်) ၀၇၅၂၅၅] ကိုင်ဆောင်သူ၏ အမည်မှန်မှာ ဦးဝင်းဦး ဖြစ်ပါကြောင်း။

ပျောက်ဆုံးကြောင်း

(ဘ) ဦးစိုးလွင်၏ သား ဦးဘုန်းမြတ်သူ [၁၄/အဂပ(နိုင်) ၂၁၇၉၆၁]၏ Customs Broker ပန်းရောင်ကတ် (519760) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

PH: 09 – 753384315

“သမီးများအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန်ကြေညာခြင်း”

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၂)ရပ်ကွက်၊ မာယလမ်း၊ အမှတ်(၈၃၇) နေ ဦးစံမြင့် (၁၂/ဥကတ(နိုင်)၀၃၀၈၃၄) နှင့် ဒေါ်အုန်းရင်(ခ) ဒေါ်ရင်ရင်ထွေး (၁၂/ဥကတ(နိုင်) ၀၃၀၈၃၉) တို့၏ သမီး(၂)ဦးဖြစ်သူ မမျိုးမျိုးဦး (၁၂/ဥကတ(နိုင်)၁၅၆၂၃၄) နှင့် မအိအိမွန် (၁၂/ဥကတ(နိုင်)၁၆၁၂၆၃) တို့သည် မိဘများစိတ်ဆင်းရဲသောကရောက်အောင် အကြိမ်ကြိမ်ပြုလုပ်ခြင်း၊ ဖခင်အား ဂုဏ်သိက္ခာညှိုးနွမ်းအောင်ပြုလုပ်ခြင်း၊ ဖခင်၏ ဆိုဆုံးမမှုအားနာခံမှုမရှိခြင်း၊ မိခင်အမွေ ဝေစုတိုက်ခန်းရောင်းရငွေများအား မိဘသဘောမတူပဲယူဆောင်သွားခြင်း၊ မိခင်အား ကိုယ်စားလှယ် လွှဲစာတွင် မမှန်ပြော၍လိမ်လည်လက်မှတ်ရေးထိုးစေခဲ့ခြင်းတို့ကြောင့် ၎င်းတို့(၂)ဦးအား သွေးနှုတ္တသမီး များအဖြစ်သတ်မှတ်၍ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်းနှင့် ၎င်းတို့နှင့်ပတ်သက်၍ မည်သည့်ကိစ္စကိုမျှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဦးစံမြင့်၊ ဒေါ်အုန်းရင်(ခ)ဒေါ်ရင်ရင်ထွေး တို့၏လွှဲအပ်ညွှန်ကြားချက်အရ
ဦးသန်းထွဋ်၊ တရားလွှတ်တော်ရှေ့နေ (စဉ်–၅၈၇၉)
LL.B, C.B.L, D.B.L, D.M.L, B.D.S, W.I.P.O (Switzerland)
အမှတ်(၅၈၉)၊ သုနန္ဒာ(၆)လမ်း၊ (ဓ)ရပ်ကွက်၊
မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း – ၀၉ ၉၇၃၂၇၃၃၃၇

ကန့်ကွက်နိုင်ကြောင်းကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ လမုတန်းရပ်ကွက်၊ နဝဒေးလမ်း၊ အမှတ်–၁၉၆ ဟုခေါ်တွင်သော မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် (၂)ခန်းတွဲ (၅)ထပ်တိုက်အဆောက်အဦမှ (၁၁.၅ပေX ၄၇ပေ) အကျယ်အဝန်းရှိသည့် (A–4) တတိယထပ် (၄–လွှာ)(ခေါင်းရင်းခန်း)နှင့် (A–5)တတိယထပ်(၄–လွှာ)(ခြေရင်းခန်း) ဟုခေါ်တွင်သော တိုက်ခန်း(၂)ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ဝယ်ထားပိုင်ဆိုင်ပြီး စီမံခန့်ခွဲခွင့်၊ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ **ဒေါ်ကြူကြူလှိုင်[၁၄/ပသန(နိုင်)၂၀၅၃၉]**ထံမှ ကျွန်ုပ်၏မိတ်ဆွေ **ဒေါ်နေဇာဦး[၁၂/ဒပန(နိုင်)၀၃၆၀၈၄]**က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုသည့် တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူရှိပါက ဤကြေညာချက်ပါသည့်နေ့မှ (၁၀)ရက်အတွင်း ကျွန်ုပ်ထံ ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ် ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်နေဇာဦး [၁၂/ဒပန(နိုင်)၀၃၆၀၈၄]၏ လွှဲအပ်ညွှန်ကြားချက်အရ
ဦးဝေဖြိုးကျော် (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်– ၁၇၀၀၅/၂၀–၁–၂၀၂၁)
အမှတ်(၁၆၇)၊ မြေညီထပ်၊ ၃၈–လမ်း(အလယ်)၊ (၆)ရပ်ကွက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
၀၉–၇၉၁၁၉၆၃၆၇

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅၃၂/ဘီ)၊ လူနေရပ်ကွက်အမှတ်–ပုလဲအိမ်ရာ၊ မြေကွက်အမှတ်(၄၁၀–ဘီ၊ ၇၅ခ^၂)၊မြေ(အလျား ၁၆၇/၁၆၈ ပေ × အနံ ၂၆၃.၆ ပေ)မြေဧရိယာ (၁.၀၁၃)ဧက (၄၄၁၂၆)စတုရန်းပေပေါ်ရှိလူနေအိမ်များနှင့်ရေမီးစုံတို့၏ အကျိုးခံစားခွင့်အရပ်ရပ်တို့အား နှစ်(၆၀)ဂရန်အမည်ပေါက် ဒေါ်ခင်လဲ့ဝင်း (၁၂/ကမတ(နိုင်)၀၄၂၄၄၇)မှတရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်၊ စီမံပိုင်ခွင့်ရှိကြောင်းဝန်ခံကတိပြု၍ ရောင်းချရန်ကမ်းလှမ်း လာသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှအပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကိုပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ –

ဒေါ်မြတ်သင်းယဉ်
LL.B, DL-101 WIPO(Switzerland)
အထက်တန်းရှေ့နေ(စဉ်–၂၇၃၂၅)

ဒေါ်စုဖြိုးဝေ
LL.B
အထက်တန်းရှေ့နေ(စဉ်–၄၂၇၈၃)

အမှတ်(၁၂၄၃/စီ)၊ နဝဒေးဥယျာဉ်အိမ်ရာ၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း: 09-403121136, 09-5054804

ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၇)၊ (၆)ရပ်ကွက်၊ ရေဝတီပါတ်လမ်း၊ မြေကွက်အမှတ် (၁၈၁/က) ဟုခေါ်တွင်သော အကျယ်အဝန်း (၂၀x၆၀)ပေရှိ ဒေါ်တင်အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် အဆောက်အဦနှင့် ရေမီးစုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား တရားဝင်လက်ရှိထားပိုင်ဆိုင်ကာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူများဖြစ်သော ဦးသူရထွန်း [၁၂/ရကန (နိုင်) ၀၈၀၈၉၅]နှင့် ဦးချစ်အေး [၁၄/ပတန (နိုင်) ၂၁၇၇၅၂] ကိုင်ဆောင်သူတို့မှ ရောင်းချရန် ကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မြင့်မြင့်သန်း [၁၂/ဗဟန (နိုင်) ၀၆၉၂၃၉]မှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄) ရက်အတွင်း ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ကျွန်ုပ်၏မိတ်ဆွေဘက်မှ အရောင်းအဝယ်ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်မြင့်မြင့်သန်း၏ လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်ဖြူဝေဝေအောင် (LL.B, D.B.L) တရားလွှတ်တော်ရှေ့နေ (စဉ်– ၁၈၂၅၀)
စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း:– ၀၉–၇၇၇၂၉၁၇၇၅၊ ၀၉–၄၅၂၄၁၆၃၀၉